ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန**

ပြည်ထောင်စုဝန်ကြီးရုံး

**ကြေညာချက် ( ၅/၂၀၂၂)**

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်

**“တရားမဝင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခြွင်းချက်မရှိ ရပ်ဆိုင်းထားရန် နောက်ဆုံးအကြိမ် သတိပေးတားမြစ်ခြင်း”**

၁။ အကြမ်းဖက်စစ်ကောင်စီက နိုင်ငံတော်အာဏာကို တရားမဝင်လုယူလိုက်သည့် ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်စပ်လျဥ်းသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်များထုတ်ပေးခြင်းကို ခြွင်းချက်မရှိ ရပ်ဆိုင်းထားရန် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၁ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါအမိန့်ကြော်ငြာစာကို၂၀၂၁ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင်ကြေညာချက်အမှတ် ၃/၂၀၂၁ ဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက အတည်ပြု ဆက်ခံကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၃။ အကြမ်းဖက်စစ်ကောင်စီလက်အောက်ခံ အဖွဲ့အစည်းတစ်ခုခုကခွင့်ပြုသည့် မည်သည့် ရင်းနှီးမြှုပ်နှံမှုအသစ်ကိုမဆို အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် အသိအမှတ်ပြုလက်ခံမည် မဟုတ်ကြောင်းကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကြေညာချက်အမှတ် ၆/၂၀၂၁ ဖြင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများအတွက် လမ်းညွှန်ချက်ကို ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၄။ ထို့အပြင် တားမြစ်ချက်များအား လိုက်နာခြင်းမရှိလျှင် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းကို ၂၀၂၁ ခုနှစ်၊ သြဂုတ်လ ၃၀ ရက်နေ့တွင် ကြေညာချက် ၁၀/ ၂၀၂၁ ဖြင့် သတိပေးတားမြစ်စာကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ တရားမဝင်အကြမ်းဖက်စစ်ကောင်စီလက်အောက်ခံ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်(MIC)ထံမှ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်များတောင်းခံ၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း အလျဉ်းမပြုလုပ်ကြရန်နှင့် ဆောင်ရွက်ဆဲ တရားမဝင်ရင်းမြှုပ်နှံမှုလုပ်ငန်းများကိုလည်း ခြွင်းချက်မရှိ ရပ်ဆိုင်းထားရန် နောက်ဆုံးအကြိမ် သတိပေးတားမြစ်လိုက်သည်။

၆။ တားမြစ်ချက်အား လိုက်နာခြင်းမရှိပါက လက်တွေ့ကျကျ ပြင်းထန်ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

၇။ တားမြစ်ချက်ကို လိုက်နာခြင်းမရှိသော ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံသူများ၏ စာရင်းကို ပူးတွဲပါအတိုင်း အခါအားလျော်စွာ ထုတ်ပြန်ပေးသွားမည် ဖြစ်သည်။

တင်ထွန်းနိုင်

ပြည်ထောင်စုဝန်ကြီး

စီမံကိန်း၊ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန

နောက်ဆက်တွဲ - ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်သည့် ကုမ္ပဏီနှင့် လုပ်ငန်းများစာရင်း

| စဉ် | ကုမ္ပဏီ | လုပ်ငန်းအမျိုးအစား | ရင်းနှီးမြှုပ်နှံမှု ပမာဏ (US$/သန်း) | နေရာ | တိုင်းဒေသကြီး / ပြည်နယ် |
|---|---|---|---|---|---|
| ၁ | Myanmar Satoketayar Solar Power Co Ltd စက်ဘ်ုပူသမ္မတနိုင်ငံ (ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှု) | IPP (BOO) စနစ်ဖြင့် ၃၀ မဂ္ဂါဝပ်နေရောင်ခြည် စွမ်းအင်သုံးဓါတ်အားပေး စက်ရုံတည်ဆောက်၍ လျှပ်စစ်ဓါတ်အားထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း | ၂၇.၈၀၂ | ကြေးပြင်ကွင်း၊ မြေနီကုန်း ကျေးရွာအုပ်စု၊ စေတုတ္တရာ မြို့နယ် | မကွေးတိုင်း ဒေသကြီး |
| ၂ | Myanmar Kyeeonkyeewa Solar Power Co Ltd စက်ဘ်ုပူသမ္မတနိုင်ငံ (ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှု) | IPP (BOO) စနစ်ဖြင့် ၃၀ မဂ္ဂါဝပ်နေရောင်ခြည် စွမ်းအင်သုံးဓါတ်အားပေး စက်ရုံတည်ဆောက်၍ လျှပ်စစ်ဓါတ်အားထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း | ၂၈.၁၂၉ | ကွင်းအမှတ်(၇၃၄၊၇၃၅) မဲဇလီကျေးရွာအုပ်စု ပွင့်ဖြူမြို့နယ် | မကွေးတိုင်း ဒေသကြီး |
| ၃ | Myanmar Kindar Solar Power Co Ltd စက်ဘ်ုပူသမ္မတနိုင်ငံ (ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှု) | IPP (BOO) စနစ်ဖြင့် ၃၀ မဂ္ဂါဝပ်နေရောင်ခြည် စွမ်းအင်သုံးဓါတ်အားပေး စက်ရုံတည်ဆောက်၍ လျှပ်စစ်ဓါတ်အားထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း | ၂၇.၃၉၈ | ဦးပိုင်အမှတ်(၁၅၇၊၁၆၁၊၁၆၂၊ ၁၆၃၊ ၁၆၄၊ ၁၆၅၊ ၁၆၆၊ ၁၆၇၊ ၁၉၇၊ ၁၉၈၊ ၁၉၉၊ ၂၀၀)ရှိမြေ ၁၃၅.၃၅ ဧက ကွင်းအမှတ် (၆၆၀-က) ကျီတိုင်ကွင်း ကျီတိုင် ကျေးရွာအုပ်စု၊ မြစ်သားမြို့နယ်၊ ကျောက်ဆည်ခရိုင် | မန္တလေးတိုင်း ဒေသကြီး |
| ၄ | Myanmar Sedawgyi Solar Power Co Ltd. စက်ဘ်ုပူသမ္မတနိုင်ငံ (ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှု) | IPP (BOO) စနစ်ဖြင့် ၃၀ မဂ္ဂါဝပ်နေရောင်ခြည် စွမ်းအင်သုံးဓါတ်အားပေး စက်ရုံတည်ဆောက်၍ လျှပ်စစ်ဓါတ်အားထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း | ၂၇.၆၇၃ | ဦးပိုင်အမှတ် (N ၃၈၊ ၁၉-က ၁၉-ခ) ရှိမြေ ၁၅၀.၉၄ ဧက ကွင်းအမှတ် (၄၆၆၊၄၇၀-က) လေတွင်းတောင်ကွင်း ပြည်တော်သာတောင်ကွင်း၊ စကားပင်ကျေးရွာအုပ်စု၊ မတ္တရာမြို့နယ်၊ ပြင်ဦးလွင်ခရိုင် | မန္တလေးတိုင်း ဒေသကြီး |
| ၅ | Myanmar Shwekyin Solar Power Co Ltd စက်ဘ်ုပူသမ္မတနိုင်ငံ (ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှု) | IPP (BOO) စနစ်ဖြင့် ၄၀ မဂ္ဂါဝပ်နေရောင်ခြည် စွမ်းအင်သုံးဓါတ်အားပေး စက်ရုံတည်ဆောက်၍ လျှပ်စစ်ဓါတ်အား ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း | ၃၈.၅၀၅ | ဦးပိုင်အမှတ် (၇၊၈) ရှိမြေ ၁၆၂.၁၈ ဧက ကွင်းအမှတ် (OSS) ခူလာကွင်း၊ အင်္ဂနီကျေးရွာ အုပ်စု၊ ရွှေကျင်မြို့နယ်၊ ပဲခူးခရိုင် | ပဲခူးတိုင်း ဒေသကြီး |

| စဉ် | ကုမ္ပဏီ | လုပ်ငန်းအမျိုးအစား | ရင်းနှီးမြှုပ်နှံမှု ပမာဏ (US$/သန်း) | နေရာ | တိုင်းဒေသကြီး / ပြည်နယ် |
|---|---|---|---|---|---|
| ၆ | Best Garment (Myanmar) Co Ltd တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှု) | စက်ရုံအဆောက်အဦများ တည်ဆောက်၍ ပြန်လည်ငှားရမ်းခြင်းဝန်ဆောင်မှု လုပ်ငန်း | ၂၉.၀၀၀ | မြေတိုင်းရပ်ကွက်အမှတ် (၅၆၁) လူနေရပ်ကွက်အမှတ် ကရင်ချောင်းကွင်း၊ မြေကွက်အမှတ်(၃၊၄၊၆+၃၄/၃၅(က)+ ၃၆ (က)+ ၃၇(က)+ ၃၈(က)+ ၇၃၉(က)+ ၄၀(က) + ၅၅(က)+ ၅၆(က)+ ၅၇(က)+ ၅၈(က)+ ၅၉(က)+ ၆၀(က)+ ၆၃(က)+ ၆၄(က)+ ၆၇(က)+ ၆၈(က)+ ၇၀+၇၁(က) /D/E/F/H) ရွှေပြည်သာမြို့နယ် | ရန်ကုန်တိုင်းဒေသကြီး |
| ၇ | Yangon Thermal Power Co Ltd စင်္ကာပူသမ္မတနိုင်ငံ (ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု) | IPP (BOO) စနစ်ဖြင့် ၃၀ မဂ္ဂါဝပ်နေရောင်ခြည် စွမ်းအင်သုံးဓါတ်အားပေး စက်ရုံတည်ဆောက်၍ လျှပ်စစ်ဓါတ်အားထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း. | ၅၂၂.၈၃၃ | ဦးပိုင်အမှတ် (၁/၂၊ ၁/၃၊ ၂/၁၊ ၄/၃၊ ၅/၃၊ ၁၃/၂၅၊ ၁၃/၂၇) ရှိမြေ ၄၆.၃၄ ဧက ရှမ်းကန်ကွင်း၊ တုံကင်ကံကွင်း ကွင်းအမှတ် (၂၂၇၊ ၂၂၉ -က) တုံးတင်ကံ(တ) ကျေးရွာအုပ်စု၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဆမား ဒူးဝါးအပိုင်း(၄)နှင့် ကျောင်ဝိုင်း ဒေသရှိ မြန်မာ့ဆိပ်ကမ်းအာဏာ ပိုင်မြေ ၈၀ ဧက၊ ဆိပ်ကြီး ခနောင်တို မြို့နယ် | ရန်ကုန်တိုင်းဒေသကြီး |
| ၈ | SIM Co Ltd စင်္ကာပူသမ္မတနိုင်ငံ (ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု) | ဆိပ်ကမ်းနှင့်သိုလှောင်ရုံများ တည်ဆောက်ပြီး ကမ်းလွန် ရေနံတွင်းများတွင်လိုအပ် သောဝန်ဆောင်မှုများကို ထောက်ပံ့ခြင်းလုပ်ငန်း | ၃၇၆.၀၆၈ | ဦးပိုင်အမှတ် ၃၂ ကွင်းအမှတ် ၆၇၉၊နံ့သာပု(အပြင်)ကွင်း၊ နံ့သာပုကျေးရွာအုပ်စု၊ ငရုတ်ကောင်းမြို့၊ ငပုတောမြို့နယ်၊ ပုသိမ်ခရိုင် | ဧရာဝတီတိုင်းဒေသကြီး |